# မွန်ပြည်နယ်လွှတ်တော်

# မွန်ပြည်နယ်ဇာတ်ရုံများကြီးကြပ်ရေးဆိုင်ရာ ဥပဒေ

(၂၀၁၃ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၄။)

cinema update

## မွန်ပြည်နယ်လွှတ်တော်

## မွန်ပြည်နယ်ဇာတ်ရုံများကြီးကြပ်ရေးဆိုင်ရာဥပဒေ

## (၂၀၁၃ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၄ ။)

၁၃၇၄ ခုနှစ်၊ တပေါင်းလကွယ်

(၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

**နိဒါန်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈၊ ဇယား-၂ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ဥပဒေပြုစာရင်း အပိုဒ် ၇၊အပိုဒ်ခွဲ(စ)အရ ဇာတ်ရုံများ ပြသဖျော်ဖြေခြင်းဆိုင်ရာ လုပ်ငန်းများ စနစ်တကျကြီးကြပ်နိုင်ရေးအတွက် မွန်ပြည်နယ်လွှတ်တော်သည် မွန်ပြည်နယ်ဇာတ်ရုံများ ကြီးကြပ်ရေးဆိုင်ရာဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)

### အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို မွန်ပြည်နယ် ဇာတ်ရုံများကြီးကြပ်ရေးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့မှစတင်၍ မွန်ပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်** ဆိုသည်မှာ မွန်ပြည်နယ်ကို ဆိုသည်၊

(ခ) **ပြည်နယ်အစိုးရအဖွဲ့** ဆိုသည်မှာ မွန်ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီး** ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့က ဇာတ်ရုံများကိစ္စတာဝန်ပေးထားသော ဝန်ကြီးကို ဆိုသည်၊

(ဃ) **ဇာတ်ရုံ** ဆိုသည်မှာ အဆို၊ အက၊ အတီးပညာများဖြင့် ဖျော်ဖြေရန် အဆောက်အအုံဖြင့်ဖြစ်စေ၊ ပရဝုဏ်ဖြင့်ဖြစ်စေ သတ်မှတ်ထားသည့်နေရာကို ဆိုသည်၊

(င) **ဇာတ်ပွဲ** ဆိုသည်မှာ အဆို၊ အက၊ အတီး ပညာများဖြင့် အဖွဲ့ဝင်များနှင့်ဖြစ်စေ၊ တစ်ကိုယ်တော်ဖြစ်စေ သီဆို၊ တီးမှုတ်၊ ကပြဖျော်ဖြေခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် အငြိမ့်၊ တီးဝိုင်းနှင့် တေးဂီတ ဖျော်ဖြေမှုများလည်း ပါဝင်သည်၊

(စ) **ခွင့်ပြုမိန့်** ဆိုသည်မှာသက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးက ဤဥပဒေအရ ထုတ်ပေးသော ခွင့်ပြုချက်ကို ဆိုသည်၊

(ဆ) **ပေးသွင်းငွေ** ဆိုသည်မှာ ဖျော်ဖြေပွဲ ခွင့်ပြုမိန့်တောင်းခံရာတွင် ပေးသွင်းရသည့်ငွေကို ဆိုသည်၊

(ဇ) **မြို့နယ်အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် အုပ်ချုပ်ရေးမှူးကို ဆိုသည်၊

(ဈ) **ခရိုင်အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး ကို ဆိုသည်၊

(ည) **ဇာတ်ပွဲကျင်းပခွင့်ရသူ** ဆိုသည်မှာ ခွင့်ပြုမိန့်ရယူ၍ ဇာတ်ပွဲပြုလုပ်ရန် သတ်မှတ်ထားသည့် နေရာအား စီမံခန့်ခွဲတာဝန်ခံဆောင်ရွက်သူကို ဆိုသည်။

## အခန်း(၂)
## ခွင့်ပြုမိန့်တောင်းခံခြင်း

၃။ ဇာတ်ပွဲကျင်းပခွင့်ရသူသည် ဇာတ်ပွဲကျင်းပရက်မတိုင်မီ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး မှတစ်ဆင့် မြို့နယ်အုပ်ချုပ်ရေးမှူးထံ (၇)ရက် ကြိုတင်လျှောက်ထားရမည်။

၄။ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနများသည် ဇာတ်ပွဲကျင်းပခွင့်ရသူလိုက်နာရမည့် စည်းကမ်းများကို သတ်မှတ်ပေးရမည်။

၅။ ဇာတ်ပွဲကျင်းပရန်လျှောက်ထားရာတွင် မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့၏ စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံချက်ကိုပါ တင်ပြရမည်။

၆။ ဇာတ်ပွဲကျင်းပခွင့်ရသူသည် ခွင့်ပြုမိန့် ရရှိမှသာ ကျင်းပခွင့်ရှိသည်။

၇။ ခွင့်ပြုမိန့်တောင်းခံရာတွင် တစ်ရက် သို့မဟုတ် တစ်ညလျှင် ကျပ် ၁၀၀၀ဝိ/-(ကျပ်တစ်သောင်း)ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပေးသွင်းရမည်။

၈။ ငွေပေးသွင်းရန် ပျက်ကွက်ခြင်း၊ သတ်မှတ်ပေးထားသော စည်းကမ်းများလိုက်နာရန် ပျက်ကွက်ခြင်းများ ရှိပါက မြို့နယ်အုပ်ချုပ်ရေးမှူးသည် ဇာတ်ပွဲကျင်းပရန် ခွင့်ပြုမိန့်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်။

၉။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ထူးခြားသောအခြေအနေများအရ ဇာတ်ပွဲကျင်းပရန် ခွင့်ပြုထားခြင်းကို ရုပ်သိမ်းနိုင်သည်။

၁၀။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ဇာတ်ပွဲကျင်းပခြင်းနှင့်ပတ်သက်၍ ဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့၏ အခါအားလျော်စွာ ထုတ်ပြန်သော နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များအတိုင်း လိုက်နာရမည်။

၁၁။ ခွင့်ပြုမိန့်တောင်းခံရာတွင် ဥပဒေအရ သတ်မှတ်ထားသော ငွေမှတစ်ပါး အခြားမည်သည့် အခကြေးငွေ ပေးဆောင်ခြင်းပြုရန် မလိုပါ။

၁၂။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ဇာတ်ရုံလုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေးကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

## အခန်း(၃)
## ဇာတ်ပွဲကျင်းပခွင့်ရသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်

၁၃။ အများနှင့်သက်ဆိုင်သော ဇာတ်ပွဲကျင်းပခြင်းဖြစ်ပါက ဇာတ်ပွဲကျင်းပခွင့်ရသူသည် အများဆန္ဒဖြင့် ငွေကြေးစုဆောင်းခြင်းကို အဖွဲ့ဖြင့်ဆောင်ရွက်ရန်ဖြစ်ပြီး ငွေစာရင်းရှင်းတမ်း ရေးဆွဲဆောင်ရွက်ရမည်။

၁၄။ ဇာတ်ပွဲကျင်းပခွင့်ရသူသည် ဇာတ်ပွဲမစတင်မီ၊ ဇာတ်ပွဲကျင်းပစဉ်နှင့်ဇာတ်ပွဲကျင်းပပြီးချိန်တွင် ဇာတ်ရုံသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးကို တာဝန်ယူရမည်။

၁၅။ ယာယီဈေးတန်း၊ ဆိုင်ခန်းများမှ အခွန်ကောက်ခံခြင်းကို ဇာတ်ပွဲကျင်းပခွင့်ရသူက စီမံသတ်မှတ် ဆောင်ရွက်နိုင်သည်။

၁၆။ ဇာတ်ပွဲကျင်းပခြင်းအတွက် ယာယီဈေးတန်းဆိုင်ခန်းများမှ ကောက်ခံရရှိသော အခွန်ငွေများ၏ ၃ ရာခိုင်နှုန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ ပေးသွင်းရမည်။

၁၇။ ပုဂ္ဂလိကဖျော်ဖြေပွဲကျင်းပခြင်းအတွက် ဇာတ်ပွဲကျင်းပခွင့်ရသူသည် ဤဥပဒေပုဒ်မ ၁၂၊ ၁၄၊ ၁၅၊ ၁၆ ပါ ကိစ္စရပ်များကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြဆောင်ရွက်ရမည်။

၁၈။ ဇာတ်ပွဲကျင်းပခွင့်ရသူသည် မိမိကျင်းပသော ဇာတ်ပွဲတွင် အများလက်မခံနိုင်သော သရုပ်ပျက်မှုများ၊ စည်းကမ်းပျက်မှုများမရှိစေရေးအတွက် ဇာတ်ပွဲနှင့်ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားရမည်။

## အခန်း(၄)
## တားမြစ်ချက်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ

၁၉။ မြို့နယ်အုပ်ချုပ်ရေးမှူး၏ ခွင့်ပြုချက်မရှိဘဲ မည်သူမျှ ဇာတ်ပွဲကျင်းပခြင်းမပြုရ။

၂၀။ ဇာတ်ပွဲကျင်းပခွင့်ရသူသည် မြို့နယ်အုပ်ချုပ်ရေးမှူးထံမှ ဇာတ်ပွဲကျင်းပခွင့်ပြုမိန့်ကို ပြန်လည်ရုပ်သိမ်းကြောင်းအကြောင်းကြားစာရရှိသည်နှင့် ဇာတ်ပွဲကျင်းပခြင်းကို ချက်ချင်းရပ်ဆိုင်းရမည်။

၂၁။ မည်သူမဆို ပုဒ်မ ၁၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်လုံး ဖြစ်စေ ချမှတ်ရမည်။

၂၂။ မည်သူမဆို ပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာမှုမရှိကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်ဆယ့်ငါးရက်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း(၅)

## အထွေထွေ

၂၃။ ဤဥပဒေအရ အရေးယူသော ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်ရသည်။

၂၄။ ခရိုင်အုပ်ချုပ်ရေးမှူးသည် မြို့နယ်အုပ်ချုပ်ရေးမှူး၏ လုပ်ငန်းဆောင်ရွက်ခြင်းကို ကြီးကြပ်ရမည်။

၂၅။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် နှစ်စဉ် ဧပြီလ(၁)ရက်နေ့မှစ၍ မတ်လ(၃၁)ရက်နေ့အထိ မြို့နယ်များတွင် ရပ်ကွက်နှင့်ကျေးရွာအလိုက် ကျင်းပသည့် ဇာတ်ပွဲအရေအတွက်စာရင်း၊ နှစ်ချုပ်အစီရင်ခံစာကို ခရိုင်အုပ်ချုပ်ရေးမှူး မှတစ်ဆင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးထံ တင်ပြရမည်။

၂၆။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ၎င်းကသတ်မှတ်ပေးထားသော ကာလထက်ပို၍ ဇာတ်ပွဲကျင်းပသည့် နေ့ရက်များအတွက် ရက်လွန်ကြေးနှင့် သက်တမ်းတိုးမြှင့်ခတို့ကို ဇာတ်ပွဲကျင်းပခွင့်ရသူအား ပေးသွင်းစေပြီး နောက်ကြောင်းပြန်ခွင့်ပြုနိုင်သည်။

၂၇။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်-

(က) ပြည်နယ်အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးသည် ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(အုန်းမြင့်)

ဝန်ကြီးချုပ်

မွန်ပြည်နယ်အစိုးရအဖွဲ့

cinema update